MHAA

# Myanmar Health Assistant Association
# Vacancy Announcement
# (VA-056/2025 MHAA-HR)

| | |
|---|---|
| **ရာထူးအမည်** | **Community Mobilizer (Health)** |
| **အရေအတွက်** | **၂ ဦး** |
| **စီမံချက်အမည်** | Integrated Health and Nutrition (IHN) Project |
| **ခန့်ထားမည့်ဒေသ** | **မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။** |
| **အစီရင်ခံရမည့်သူ** | Project Coordinator |
| **ရာထူးအဆင့်** | A2 |
| **လျှောက်လွှာပိတ်ရက်** | **၁၁ ရက်နေ့ ဇူလိုင်လ ၂၀၂၅ ခုနှစ်** |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၉၄)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ် သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

**<u>အဓိကဆောင်ရွက်ရမည့်တာဝန်များ</u>**

- ❖ ကျေးရွာလူထုမှ စီမံချက်လုပ်ငန်းများအား တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန်အတွက် လူထု လှုံ့ဆော်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။
- ❖ အသက်ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား လစဉ်လက်မောင်း လုံးပတ်တိုင်းတာခြင်းနှင့် ကိုယ်အလေးချိန်တိုင်းတာခြင်းများ ဆောင်ရွက်ခြင်း။
- ❖ အာဟာရချို့တဲ့သော ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ခြင်း။
- ❖ စီမံချက်ဝင်ကျေးရွာများရှိ ငါးနှစ်အောက်ကလေးများအား အာဟာရ ချို့တဲ့ခြင်းမှကာကွယ်ရန် အတွက် အနုအာဟာရမှုန့်အထုပ်များဖြန့်ဝေပေးခြင်း။
- ❖ အာဟာရနှင့်ကျန်းမာရေးဆိုင်ရာ အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း။
- ❖ အသက်ငါးနှစ်အောက်ကလေးများ၏ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သံသယနမိုးနီးယားရောဂါ ကုသရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်း။
- ❖ အရေးပေါ်လူနာလွှဲပြောင်းရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ခြင်း။
- ❖ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား မွေးဖွားစဉ်နှင့်မွေးဖွားပြီးနောက် အသုံးပြုသည့် ပစ္စည်းများ ဖြန့်ဝေသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း။
- ❖ စေတနာ့ဝန်ထမ်းများအား အာဟာရနှင့်ကျန်းမာရေးဆိုင်ရာ သင်တန်းများပေးရာတွင် ပါဝင်ကူညီ ဆောင်ရွက်ခြင်း။
- ❖ စေတနာ့ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များအား ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခြင်း။
- ❖ စီမံချက်ဝင်ကျေးရွာများရှိ ရည်မှန်းအုပ်စု (အသက်ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ) စာရင်းကို လစဉ်ပြင်ဆင်ဖြည့်သွင်းခြင်း။
- ❖ လုပ်ငန်းဆောင်ရွက်ခြင်း အစီရင်ခံစာများနှင့် မှတ်တမ်းများအား သက်ဆိုင်ရာကြီးကြပ်ဝန်ထမ်း သို့ ပုံမှန်ရေးသား တင်ပြခြင်း။
- ❖ စီမံချက်၏ လိုအပ်ချက်အရ အထက်အရာရှိမှ ထပ်မံတောင်းဆိုသောလုပ်ငန်းများအား ဆောင်ရွက်ခြင်း။

**<u>လိုအပ်သောအရည်အချင်းများ</u>**

- ❖ အနည်းဆုံး အခြေခံပညာအထက်တန်း(တက္ကသိုလ်ဝင်တန်း)တက်ဖူးသူ (သို့မဟုတ်) လုပ်ငန်းနှင့် ကိုက်ညီသော ပညာအရည်အချင်းရှိသူဖြစ်ရမည်။
- ❖ ဒေသ၏ ဘာသာစကား ကျွမ်းကျင်စွာ နားလည် ပြောဆိုနိုင်သူဖြစ်ရမည်။
- ❖ လူထုအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် သင်တန်းပေးသည့် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- ❖ ဆက်ဆံရေးကောင်းမွန်၍ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်ချင်သူဖြစ်ရမည်။
- ❖ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား စိတ်ပါဝင်စားစွာဖြင့် စေတနာထား လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- ❖ ဝေးလံခက်ခဲသောဒေသများသို့ ဆိုင်ကယ်ဖြင့်ကျွမ်းကျင်စွာမောင်းနှင်ပြီး ခရီးသွားလာနိုင်သူကို ဦးစားပေးမည်။

- ❖ သက်ဆိုင်ရာ စီမံချက်မြို့နယ်မှ လျှောက်ထားသူဒေသခံအား ဦးစားပေးမည်။
- ❖ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**လျှောက်လွှာညွှန်ကြားချက်များ**

စိတ်ပါဝင်စားသူသည် ကိုယ်ရေးရာဇဝင်နှင့် အလုပ်လျှောက်ထားလွှာကို (Word ဖိုင် သို့မဟုတ် PDF ဖိုင်ဖြစ်စေ) hr.recruitment@myanmarhaa.org သို့ ပေးပို့မည့် ခေါင်းစဉ်အဖြစ် "**Community Mobilizer (Health) VA-056/2025 MHAA-HR**" ဟု ရေးသား၍လည်းကောင်း (သို့မဟုတ်) သက်ဆိုင်ရာမြို့နယ် စီမံချက်ရုံးအသီးသီးသို့ လည်းကောင်း ပေးပို့လျှောက်ထား နိုင်ပါသည်။ လျှောက်ထားရန် နောက်ဆုံးရက်မှာ **၁၁ ရက်နေ့ ဇူလိုင်လ ၂၀၂၅ ခုနှစ်** ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည်ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**HR Unit**
**Myanmar Health Assistant Association (MHAA)**
**TB Hospital Road, Aung San, Insein Township, Yangon, Myanmar.**
**Phone: (+95) 9409832273,**
**Email: hr.recruitment@myanmarhaa.org**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား၊မ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူအားလုံးထံမှ လျှောက်လွှာများကို ကြွန်ုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောင့်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံးဝ) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကို ဝန်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်းဖြစ်သည်။